
Martial Arts Panel
Techniques
Gale Knife Technique (Lv. 1)
Level Up (3 EP)
ငါ့မှာ ရွှေလက်ချောင်း ရှိတယ်
B&B Translation
'စာစဉ်-၂၁'

# အခန်း (၂၀၁)

## ကျယ်ဝမ်ယွဲ့အား ကူညီခြင်းနှင့် ယခင် အကြီးအကဲများ

*

"စီနီယာအစ်ကိုရှီ..."

"စီနီယာအစ်ကိုရှီ ဂိုဏ်းကို ပြန်ရောက်လာပြီလား..."

"..."

ယွဲ့လန်ဂိုဏ်းသို့ ပြန်ရောက်သည့်အခါ ရှီနင်သည် တစ်စုံတစ်ခု ထူးဆန်းနေသည်ကို သတိထားမိလိုက်သည်။

သူ ဂိုဏ်းအတွင်း လမ်းလျှောက်နေစဉ် တစ်ယောက်ပြီးတစ်ယောက် သူ့အား လာရောက်

နှုတ်ဆက်နေကြလေသည်။

သူသည် ယွဲ့လန်ဂိုဏ်းတွင် အတော်အတန် နာမည်ကျော်ကြားသူဖြစ်သော်လည်း လူအများစုမှာ သူ၏နာမည်ကိုသာ သိကြပြီး ရုပ်ရည်ကိုမူ မမြင်ဖူးကြချေ။

သို့သော် ယခုတစ်ကြိမ်တွင်မူ သူ့အား မှတ်မိသူများ သိသိသာသာ များပြားနေပြီး အားလုံးမှာလည်း အလွန်အမင်း တက်ကြွနေကြသည်။

အထူးသဖြင့် ဂိုဏ်းသို့ အသစ်ဝင်လာသော တပည့်အချို့မှာ သူ့အား ကြည်ညိုလေးစားသော အကြည့်များဖြင့် ကြည့်နေကြရာ ရှီနင်မှာ အတော်လေး ဇဝေဇဝါ ဖြစ်သွားရသည်။

ဖုန်းချန်ကောအား သူ သတ်ဖြတ်ခဲ့သည့် သတင်းကို စစ်ယင်မှ ပျံ့နှံ့အောင် လုပ်လိုက်သဖြင့် ယခုအခါ ယွဲ့လန်ဂိုဏ်းအထိ ရောက်ရှိနေပြီဖြစ်ကြောင်း ရှီနင် မသိသေးပေ။

ကျိုဖုန်းပြည်နယ်တစ်ခုလုံးမှာ ရှီနင်နှင့် စစ်ယင်တို့ နှစ်ယောက်ပေါင်း၍ သွေးတစ္ဆေဂိုဏ်းအား ဖျက်ဆီးပစ်ခဲ့သည်ဟု ယုံကြည်နေကြလေပြီ။

သွေးတစ္ဆေဂိုဏ်းသည် ကျိုဖုန်းပြည်နယ်ရှိ ထိပ်သီးဂိုဏ်းတစ်ခု မဟုတ်သော်လည်း ၎င်းတို့တွင် ဟင်းလင်းပြင်နယ်ပယ် အထွတ်အထိပ်သိုင်းပညာရှင်တစ်ဦး ရှိနေခဲ့ရာ ဤလုပ်ရပ်ကြောင့် ရှီနင်၏ ဂုဏ်သတင်းမှာ ကျော်ကြားသွားခဲ့ခြင်း ဖြစ်ပေသည်။

"ဂျူနီယာမောင်လေးရှီ..."

ရှီနင် ပင်မတောင်ထိပ်သို့ လျှောက်သွားနေစဉ် ရုတ်တရက် ရင်းနှီးနေသော အသံတစ်ခုကို ကြားလိုက်ရသည်။

ရှီနင် လှည့်ကြည့်လိုက်ရာ မတွေ့ရသည်မှာ ကြာပြီဖြစ်သော ကျယ်ဝမ်ယွဲ့ ဖြစ်နေသည်။

ရှီနင်နှင့် ကျယ်ဝမ်ယွဲ့တို့သည် မိတ္တာသားရဲ

ကျမ်းစာလိပ်ထဲတွင် အခက်အခဲများကို အတူတကွ ကျော်ဖြတ်ခဲ့ကြသဖြင့် သူတို့၏ ခင်မင်မှုမှာ နက်ရှိုင်းလေသည်။

သို့သော် တစ်ဦးချင်းစီ၏ ကိုယ်ပိုင်ကိစ္စများကြောင့် နောက်ပိုင်းတွင် ပြန်မဆုံဖြစ်ခဲ့ကြချေ။

ရှီနင်သည် ဖေးယွင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ပြန်ရောက်သည်နှင့် လျို့ဝှက်နယ်မြေဆီသို့ ချက်ချင်း ဦးတည်ခဲ့ခြင်း ဖြစ်သည်။

ကျယ်ဝမ်ယွဲ့မှာမူ သူမ၏ ပါရမီ ထိခိုက်သွားပြီးနောက် သူမ ရရှိထားသော လျှပ်စီးဓာတ်သဘာဝ တာအိုလက်နက်ကို ဆေးပြားများနှင့် လဲလှယ်ရန် ဂိုဏ်းသို့ အပ်နှံခဲ့သည်။ ထို့နောက် သူမသည် ဂိုဏ်းတာဝန်ခံတစ်ဦး ဖြစ်လာရန် ကိုယ်တိုင်လျှောက်ထားခဲ့ပြီး ယခုမှသာ ဂိုဏ်းသို့ ပြန်လည်အနားယူရန် ရောက်လာခြင်း ဖြစ်သည်။

သူမသည် ဆင့်ခေါ်ချက်ကြောင့်သာ ဂိုဏ်းသို့

ပြန်လာခြင်းဖြစ်ပြီး ရှီနင်နှင့် တိုက်တိုက်ဆိုင် ဆိုင် ဆုံတွေ့သွားခြင်း ဖြစ်လေသည်။

"စီနီယာအစ်မကျယ်..."

ရှီနင်သည် ကျယ်ဝမ်ယွဲ့အား မြင်သောအခါ သူငယ်ချင်းဟောင်းတစ်ဦးနှင့် ပြန်လည်ဆုံတွေ့ ရသကဲ့သို့ ခံစားလိုက်ရသည်။

မိစ္ဆာသားရဲကျမ်းစာလိပ်ထဲတွင် သူတို့နှစ်ဦး အပြန်အလှန် ကူညီခဲ့ကြသည့် မြင်ကွင်းများကို ရှီနင် မှတ်မိနေဆဲပင်။

"မတွေ့တာ ကြာပြီနော်... အခုဆို နင်က ကျို ဖုန်းပြည်နယ်မှာ တကယ့်ကို နာမည်ကြီးနေပြီ ပဲ"

ရှီနင်သည် ယခင်အတိုင်း မပြောင်းလဲသေး သည်ကို ကျယ်ဝမ်ယွဲ့ သတိထားမိလိုက်သည်။ သူ၏ ခွန်အားနှင့် ဂုဏ်သတင်းမှာ တိုးတက်လာ သော်လည်း သူမအပေါ် စိမ်းကားမသွားပေ။

ၚင်းကို မြင်လိုက်ရသဖြင့် သူမ အလွန်ဝမ်းသာသွားရသည်။

"ကျိုဖုန်းပြည်နယ်မှာ နာမည်ကြီးနေတယ်ဟုတ်လား..."

ရွှီနင် နားမလည်နိုင် ဖြစ်သွားသည်။ "အဲဒါ ဘယ်တုန်းက ဖြစ်သွားတာလဲ"

"နင်နဲ့ ချန်းမြောင်ဂိုဏ်းရဲ့ နံပါတ်တစ် တပည့်ရင်း စစ်ယင်တို့ ပေါင်းပြီး သွေးတစ္ဆေဂိုဏ်းကို ဖျက်ဆီးလိုက်တဲ့ သတင်းက ကျိုဖုန်းပြည်နယ်က ဂိုဏ်းကြီးတွေအားလုံးဆီ ပျံ့နှံ့သွားပြီလေ"

ရွှီနင်သည် ဂုဏ်သတင်းကို လုံးဝ ဂရုမစိုက်တတ်သူဖြစ်ကြောင်း ကျယ်ဝမ်ယွဲ့ ခံစားလိုက်ရသည်။

ဤကဲ့သို့သော ဂုဏ်ဒြပ်မျိုးကို အခြားသူသာ ရရှိပါက အပျော်လွန်နေလောက်ပြီ ဖြစ်သော်လည်း ရွှီနင်ကမူ ဘာမှမဖြစ်သကဲ့သို့သာ

နေနေလေသည်။

"အဲဒီစစ်ယင်ကတော့..."

ရှီနင် မတတ်သာသလို ခေါင်းယမ်းလိုက်သည်။ သူသည် ဤကဲ့သို့သော ကျော်ကြားမှုမျိုးကို ဘယ်သောအခါမှ ဂရုမစိုက်ခဲ့ပေ။

လျှို့ဝှက်နယ်မြေထဲမှ ထွက်လာပြီးနောက် သူ၏နာမည်က ပြည်နယ်တစ်ခုလုံးကို တုန်လှုပ်စေလိမ့်မည်ဟု သူ ထင်မထားခဲ့ချေ။

"ဒါတွေ ထားလိုက်ပါဦး..."

ရှီနင်က စကားလမ်းကြောင်း ပြောင်းလိုက်ပြီး ကျယ်ဝမ်ယွဲ့၏ ခွန်အားကို အာရုံခံကြည့်လိုက်သည်။ "စီနီယာအစ်မ... ဟင်းလင်းပြင်နယ်ပယ် တတိယအဆင့်ကို ပြန်ရောက်သွားပြီလား"

"ဟုတ်တယ်..."

ကျယ်ဝမ်ယွဲ့က ပြုံးလိုက်သည်။ "ဂိုဏ်းကပေးတဲ့ ဆေးပြားတွေကို ရပြီးတာနဲ့ ချက်ချင်း

သောက်လိုက်တာလေ... လွန်ခဲ့တဲ့ ရက်အနည်းငယ်ကမှ ဒြပ်စင်နယ်ပယ်ကို ပြန်ရောက်တာ"

"အရာအားလုံး အဆင်ပြေမယ်ဆိုရင်တော့ အရည်အသွေးပြောင်းလဲခြင်းတစ်နယ်ပယ်ကို ပြန်ရောက်နိုင်မှာပါ"

ကျယ်ဝမ်ယွဲ့၏ လေသံမှာ တည်ငြိမ်နေသည်။

ရင်းမြစ်ပြောင်းပြန်ဆေးပြားကို မသောက်မီက သူမသည် ဟင်းလင်းပြင်နယ်ပယ် ပဥ္စမအဆင့်တွင် ရှိခဲ့သည်။ အကယ်၍ သူမ၏ အခြေခံသာ ထိခိုက်မသွားခဲ့ပါက ယခုအချိန်တွင် တံဆိပ်တော်နယ်ပယ်သို့ ချိုးဖျက်ဝင်ရောက်နိုင်မည့် အခွင့်အရေး ရှိနေပေလိမ့်မည်။

သို့သော် ကျယ်ဝမ်ယွဲ့သည် နှမြောတသဖြစ်မိသော်လည်း ကျရှုံးမှုအပေါ် စိတ်ထဲမထားတော့ပေ။

သူမ၏ အမြင်တွင်မူ မိစ္ဆာသားရဲကျမ်းစာလိပ်ထဲမှ အသက်ရှင်လျက် ထွက်လာနိုင်ခြင်းကပင် ကံကောင်းလှပြီ ဖြစ်သည်။

"ဒါတွေကို ကြုံတွေ့ပြီးတဲ့နောက်မှာ စီနီယာအစ်မရဲ့ စိတ်အခြေအနေက ပိုပြီး တိုးတက်လာခဲ့တာပဲ။ တကယ်လို့ စီနီယာအစ်မရဲ့ အခြေခံသာ ပြန်ကောင်းလာရင် သေချာပေါက် တံဆိပ်တော်နယ်ပယ်ကို တက်လှမ်းနိုင်မှာပါ"

ရှီနင် ပြုံးကာ ပြောလိုက်သည်။

"ရင်းမြစ်ပြောင်းပြန်ဆေးပြားကို သောက်ပြီးမှတော့ ငါ့အခြေခံက ဘယ်လိုလုပ် ပြန်ကောင်းလာနိုင်မှာလဲ"

ကျယ်ဝမ်ယွဲ့က ခေါင်းကို ညင်သာစွာ ယမ်းလိုက်သော်လည်း သူမ၏ ခံစားချက်များမှာမူ တည်ငြိမ်နေဆဲပင်။

"အဲဒီလိုလည်း မဟုတ်ပါဘူး..."

ရှီနင်က ကြွေပုလင်းလေးတစ်လုံးကို ထုတ်လိုက်သည်။ "စီနီယာအစ်မ... ဒါကို လက်ခံပေးပါ"

"ဒါက..."

ကျယ်ဝမ်ယွဲ့ မျက်မှောင်ကြုတ်ကာ လှမ်းယူလိုက်သည်။ ၎င်းမှာ ဆေးပြားတစ်ပြားဖြစ်ကြောင်း သူမ သိလိုက်သည်။

"ဒါက စီနီယာအစ်မရဲ့ ထိခိုက်သွားတဲ့ ပါရမီကို ပြန်ပြုပြင်ပေးနိုင်တဲ့ ဆေးပြားပါ"

ရှီနင်က ပြန်ဖြေလိုက်သည်။

အတွင်းမှ ဆေးပြားများသည် ရှီနင်၏ အသက်ဆေးကျမ်းကို အဆင့်ရှစ်သို့ မြှင့်တင်ပြီးနောက် ကျယ်ဝမ်ယွဲ့အတွက် အထူးဖော်စပ်ပေးထားခြင်းဖြစ်သည်။

ဤဆေးပြားသည် ရင်းမြစ်ပြောင်းပြန်ဆေးပြားကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများ

ကို ပြန်လည်ပြုပြင်ပေးနိုင်လေသည်။

အမှန်တကယ်တွင် ရှီနင် နောက်ဆုံးအကြိမ် ဂိုဏ်းသို့ ပြန်လာစဉ်ကပင် ဤဆေးပြားကို ကျယ်ဝမ်ယွဲ့အား ပေးချင်ခဲ့သော်လည်း ထိုအချိန်တွင် ကျယ်ဝမ်ယွဲ့မှာ ဂိုဏ်းတာဝန်ခံတစ်ဦး ဖြစ်သွားပြီး ဂိုဏ်းမှ ထွက်ခွာသွားခဲ့ချေပြီ။

"ဘာ..."

အချိန်အတော်ကြာ တည်ငြိမ်နေခဲ့သော ကျယ်ဝမ်ယွဲ့မှာ ရှီနင်၏ စကားကို ကြားသောအခါ ရင်ခုန်သံများ မြန်လာတော့သည်။ "ဒီဆေးပြားက ငါ့အခြေခံကို ပြန်ကောင်းစေနိုင်တာလား... ဂိုဏ်းထဲက ဝါရင့် ဆေးဖော်စပ်သူတွေတောင် ရင်းမြစ်ပြောင်းပြန်ဆေးပြားရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ကုသနိုင်တဲ့ ဆေးပြားကို မဖော်စပ်နိုင်ကြဘူးလေ။ နင် ဒီလောက် အဖိုးတန်တဲ့ ဆေးပြားကို ဘယ်က ရခဲ့တာလဲ"

အကယ်၍ အခြားသူတစ်ဦးကသာ ဤသို့ပြော ပါက ကျယ်ဝမ်းယွဲ့မှာ လိမ်နေသည်ဟု ထင်မိပေ လိမ့်မည်။

သို့သော် ရှီနင်က ထိုသို့ ပြောခြင်းဖြစ်သဖြင့် သူမ လုံး၀ ယုံကြည်သွားခဲ့သည်။

"စီနီယာအစ်မ လျှို့ဝှက်နယ်မြေကနေ ထွက် သွားပြီးနောက်မှာ ကျွန်တော် ဆေးပညာရှင်ကြီး တစ်ယောက်ရဲ့ အမွေအနှစ်ကို ရခဲ့တယ်လေ။ ပြီး ခဲ့တဲ့ ရက်အနည်းငယ်က ကျွန်တော့်ရဲ့ ဆေးဖော် စပ်မှု နည်းစနစ် တိုးတက်လာပြီးနောက်မှာ စီနီ ယာအစ်မအတွက် ဒီပူရှျင်းဆေးပြားကို အထူး ဖော်စပ်ပေးခဲ့တာပါ"

ရှီနင်က ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

အကယ်၍ သူသာ အသက်ဆေးကျမ်းကို အဆင့်ရှစ်သို့ မမြှင့်တင်ခဲ့ပါက ပူရှျင်းဆေးပြား ကို သေချာပေါက် ဖော်စပ်နိုင်မည် မဟုတ်ပေ။

ကျယ်ဝမ်ယွဲ့သည် နှုတ်ခမ်းကိုစေ့ကာ လက်ထဲမှ ကြွေပုလင်းလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး ရှီနင်အား စိုက်ကြည့်နေမိသည်။ "ဂျူနီယာမောင်လေးရှီ... ကျေးဇူးအများကြီးတင်ပါတယ်"

"စီနီယာအစ်မကလည်း အားနာစရာတွေ ပြောနေပြန်ပြီ..."

ရှီနင်က လက်ကာပြလိုက်သည်။ "စိတ်ကို အေးအေးထားပြီး ပြန်လည်နာလန်ထူဖို့ပဲ အာရုံစိုက်လိုက်ပါ။ စီနီယာအစ်မ တံဆိပ်တော်နယ်ပယ်ကို အမြန်ဆုံး တက်လှမ်းနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်"

"ကောင်းပြီလေ..."

ကျယ်ဝမ်ယွဲ့ ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် ဆက်ပြီး စကားမပြောနိုင်တော့ဘူး စီနီယာအစ်မ။ ဂိုဏ်းကို အခုမှ ပြန်ရောက်တာ

ဆိုတော့ ဆရာ့ကိုသွားတွေ့ဖို့ ပင်မတောင်ထိပ်ကို သွားရဦးမယ်"

ရှီနင် ပြောလိုက်သည်။

"သွားပါ... ဂိုဏ်းချုပ်ကို သွားတွေ့ဖို့က ပို အရေးကြီးတယ်"

ကျယ်ဝမ်ယွဲ့က သူ့အား ဆွဲမထားတော့ပေ။

ထို့နောက် သူတို့နှစ်ဦး လမ်းခွဲလိုက်ကြသည်။

ကျယ်ဝမ်ယွဲ့သည် ရှီနင်၏ ကျောပြင်ကို ကြင်နာသော အကြည့်များဖြင့် ကြည့်နေပြီး သူမ၏ မျက်နှာတွင် သာယာသော အပြုံးတစ်ခု ပေါ်လာတော့သည်။

...

ကျယ်ဝမ်ယွဲ့၏ စိတ်ပိုင်းဆိုင်ရာမှာ ထိခိုက်မှုမရှိသည့်အပြင် သူမ၏ နယ်ပယ်မှာလည်း တိုးတက်လာသည်ကို မြင်လိုက်ရသဖြင့် ရှီနင် စိတ်သက်သာရာ ရသွားသည်။

ကျယ်ဝမ်ယွဲ့အား ဆေးပြားပေးပြီးနောက်တွင် ရှီနင်သည် သူလုပ်ချင်နေသော တာဝန်တစ်ခုကို ထပ်မံပြီးမြောက်သွားသည်ဟု ခံစားလိုက်ရသည်။

'ဆရာ အခုဆို ဂိုဏ်းထဲမှာ ရှိနေလောက်ပြီ...'

ရှီနင် စိတ်ထဲမှ တွေးလိုက်သည်။

ပင်မတောင်ထိပ်သို့ ရောက်သောအခါ ဂိုဏ်းချုပ်တောင်ထိပ်တွင် အလုပ်အကျွေးပြုနေသော တပည့်များကို သူ မေးမြန်းလိုက်သည်။

မီရှင်းယယ်သည် အကြီးအကဲ ယွမ်ချန်ထံသို့ သွားရောက်နေကြောင်း၊ ခဏအကြာမှ ပြန်လာမည်ဖြစ်သဖြင့် ရှီနင်အား စောင့်ဆိုင်းရန် မှာကြားထားကြောင်း အဖြေရခဲ့သည်။

တစ်ချိန်တည်းမှာပင် ထိုတပည့်က ဂိုဏ်းချုပ်တောင်ထိပ်တွင် အရေးကြီးသော ပုဂ္ဂိုလ်နှစ်ဦး ရောက်ရှိနေကြောင်း၊ သူတို့မှာ ယခင်မျိုးဆက်မှ

အကြီးအကဲများ ဖြစ်ပုံရကြောင်း ရွှီနင်အား ပြော ပြလေသည်။

ငင်းကို ကြားလိုက်ရသောအခါ ရွှီနင်သည် အဆုံးမဲ့ပင်လယ်ချောက်နက်တောင်ဘက်မှ လှူစိမ်းများကြောင့် ယခင်အကြီးအကဲများမှာ ကျင့်ကြံရာမှ ထွက်လာကြခြင်း ဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်သည်။

ရွှီနင် ပင်မတောင်ထိပ်ပေါ်သို့ လျှောက်သွား လိုက်သည်။

မကြာမီတွင် သူသည် သစ်ပင်ရိပ်အောက်၌ ထိုင်ကာ စစ်တုရင်ကစားနေသော အဘိုးအိုနှစ် ဦးကို တွေ့လိုက်ရသည်။ တစ်ဦးမှာ ဝဝဖိုင့်ဖိုင့် ဖြစ်ပြီး ကျန်တစ်ဦးမှာမူ ပိန်ပိန်ပါးပါး ဖြစ်သည်။

ရွှီနင် ရောက်လာသည်နှင့် သူတို့နှစ်ဦးလုံး အလုပ်ကို ရပ်လိုက်ကြပြီး ရွှီနင်ဘက်သို့ တစ်ပြိုင်နက် လှည့်ကြည့်လိုက်ကြသည်။

"တပည့်ရှီနင်က အကြီးအကဲနှစ်ဦးကို ဂါရဝပြု ပါတယ်"

ရှီနင်သည်လည်း တပည့်တစ်ဦးပမာ သူတို့ကို နှုတ်ဆက်လိုက်သည်။

ယွဲ့လန်ဂိုဏ်းတွင် မဟာအကြီးအကဲဟူသော ရာထူးမရှိသဖြင့် အတိအကျ ပြောရလျှင် ဤ ယခင်မျိုးဆက် အကြီးအကဲနှစ်ဦးမှာ ယွဲ့လန် ဂိုဏ်းတွင် တရားဝင် ရာထူးမရှိကြချေ။

"ဒါဆို မင်းက ရှီနင်ပေါ့..."

ဝဝဖိုင့်ဖိုင့် အကြီးအကဲက ၎င်းကို မြင် သောအခါ တဟားဟား ရယ်မောလိုက်ပြီး သူ၏ လက်ထဲမှ စစ်တုရင်ရုပ်ကို စစ်တုရင်ခုံပေါ်သို့ ပစ်တင်ကာ ခုံပေါ်မှ ရုပ်များကို ရှုပ်ထွေးသွား စေလိုက်သည်။

ပိန်ပိန်ပါးပါး အကြီးအကဲက စစ်တုရင်ခုံကို တစ်ချက်ကြည့်ကာ မျက်မှောင်ကြုတ်လိုက်

သည်။ သူသည် ဝဝဖိုင့်ဖိုင့် အကြီးအကဲကို အတော်လေး စိတ်အနှောင့်အယှက် ဖြစ်နေသည့် ပုံစံဖြင့် စိုက်ကြည့်နေသည်။

သို့သော် နောက်ဆုံးတွင်တော့ ပိန်ပိန်ပါးပါး အကြီးအကဲမှာ ဘာမှမပြောတော့ပေ။ သူသည် ခေါင်းကို လှည့်လိုက်ပြီး ရှီနင်အား ကြင်နာသော အမူအရာဖြင့် ကြည့်လိုက်သည်။

'သူတို့နှစ်ယောက်လုံးက တာအိုနယ်ပယ်ကို တက်လှမ်းဖို့ ပြင်ဆင်နေတဲ့ မဟာဆရာကြီးတွေပဲ…'

ရှီနင်သည် ဤလူနှစ်ဦး၏ ခွန်အားကို သတိပြုမိလိုက်သည်။ 'ဂိုဏ်းချုပ်ဖုန်းရှီး ပြောခဲ့သလိုပဲ… ယွဲ့လန်ဂိုဏ်းလို ထိပ်သီးဂိုဏ်းတစ်ခုမှာ အပေါ်ယံပြသထားတဲ့ ခွန်အားတွေတင် ရှိနေတာ မဟုတ်ဘူးပဲ'

"မင်းက အသက် ၃၀ တောင် မပြည့်သေးဘူး၊

ဒါပေမဲ့ အစစ်အမှန်ပိုင်နက်နယ်ပယ် သိုင်းပညာရှင်တစ်ယောက် ဖြစ်နေပြီပဲ"

ပိန်ပိန်ပါးပါး အကြီးအကဲက သူ၏ မုတ်ဆိတ်မွေးကို ပွတ်သပ်လိုက်သည်။

"ကျွန်တော် ဒီနှစ်မှာ အသက် ၂၁ နှစ် ရှိပါပြီ"

ရှီနင် ဤကမ္ဘာသို့ ရောက်ရှိလာသည်မှာ သုံးနှစ်နီးပါး ရှိချေပြီ။

"ဩော်..."

ပိန်ပိန်ပါးပါး အကြီးအကဲသည် တည်ငြိမ်နေဟန် ဆောင်လိုက်သော်လည်း သူ၏ လက်မှ အားကြောင့် မုတ်ဆိတ်မွေးအချို့မှာ ပြတ်ထွက်သွားရသည်။

"ပါရမီ ကောင်းလိုက်တာ... တာအိုနယ်ပယ်ကို ရောက်ဖို့ မျှော်လင့်ချက် ရှိတာပဲ"

ပိန်ပိန်ပါးပါး အကြီးအကဲက အားပေးစကား ဆိုလိုက်သည်။

ဝဝဖိုင့်ဖိုင့် အကြီးအကဲက နှာခေါင်းရှုံ့လိုက်ပြီး ပိန်ပိန်ပါးပါး အကြီးအကဲကို တစ်ချက် ကြည့်လိုက်သည်။ "ဟန်ဆောင်မနေစမ်းပါနဲ့ကွာ... မင်း အသက် ၂၁ နှစ်တုန်းက ဟင်းလင်းပြင်နယ်ပယ်ကို ဝင်ခါစပဲ ရှိသေးတာ မဟုတ်လား"

"ရှီနင်... မင်းရဲ့ ပါရမီနဲ့ဆိုရင် သေချာပေါက်တာအိုနယ်ပယ်ကို ရောက်နိုင်မှာပါ။ မင်းသာ ဝမ်ရှန့်ပြည်နယ်ကို သွားမယ်ဆိုရင် သေချာပေါက် နေရာတစ်ခု ရရှိပြီး အဆင့်အတန်းမြင့်တဲ့သူတစ်ယောက် ဖြစ်လာမှာ အမှန်ပဲ"

ဝဝဖိုင့်ဖိုင့် အကြီးအကဲက သူ့အား ပွင့်ပွင့်လင်းလင်းပင် ချီးကျူးလိုက်သည်။

"အကြီးအကဲတို့ရဲ့ ချီးကျူးစကားတွေအတွက် ကျေးဇူးတင်ပါတယ်..."

ရှီနင်သည် ထိုလူနှစ်ဦး၏ ဆက်ဆံရေးမှာ

အတော်လေး စိတ်ဝင်စားစရာကောင်းကြောင်း ခံစားလိုက်ရသည်။

ထို့နောက် သူတို့နှစ်ဦးက ရွှီနင်အား မေးခွန်းအချို့ မေးမြန်းကြသည်။

ရွှီနင်သည် အစစ်အမှန်ပိုင်နက်နယ်ပယ် သိုင်းပညာရှင်တစ်ဦး ဖြစ်ရုံသာမက လျှို့ဝှက်နည်းစနစ်လေးခုကိုပါ တတ်မြောက်ထားကြောင်း သိလိုက်ရသောအခါ သူတို့ နောက်တစ်ကြိမ် ထပ်မံ ထိတ်လန့်သွားကြရပြန်သည်။

ယွဲ့လန်ဂိုဏ်း တည်ထောင်ပြီးကတည်းက ရွှီနင်သည် ပါရမီအရှိဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်းမှာ သံသယဖြစ်ဖွယ် မရှိတော့ပေ။

"ရွှီနင် ပြန်လာပြီလား"

မီရှင်းယယ်နှင့် အကြီးအကဲ ယွမ်ချန်တို့ တစ်ပြိုင်နက် ပြန်ရောက်လာကြသည်။

"ဆရာ... အကြီးအကဲ ယွမ်ချန်"

ရှီနင် နောက်တစ်ကြိမ် နှုတ်ဆက်လိုက် ပြန်သည်။

"ဖုန်းချန်ကောကို သတ်ပြီး သွေးတစ္ဆေဂိုဏ်းကို ဖျက်ဆီးလိုက်နိုင်တာပဲ... မင်းက ယွဲ့လန်ဂိုဏ်း အတွက် ဂုဏ်ယူစရာတွေ ယူဆောင်လာပေးတာ ပဲ"

မီရှင်းယယ် မပြောမီမှာပင် အကြီးအကဲ ယွမ်ချန်က အရင်ဦးအောင် ပြောလိုက်လေသည်။

အကြီးအကဲ ယွမ်ချန်မှာ အနည်းငယ် မနာလို ဖြစ်နေမိသည်။

အကယ်၍ မီရှင်းယယ်သာ မရှိခဲ့လျှင် ရှီ နင်သည် သူ၏ တပည့် ဖြစ်နေလောက်ပြီ ဖြစ်သည်။

ရှီနင်က ဉာဏ်မျှအထိ ထူးချွန်မည်မှန်း သူ သိခဲ့ပါ က ထိုစဉ်က ဂိုဏ်းချုပ်နှင့် ရန်ဖြစ်ရလျှင်တောင် မှ ရှီနင်အား သူ့တပည့်အဖြစ် လုယူခဲ့မိမှာ

အသေအချာပင်။

"ရှီနင်... အကြီးအကဲနှစ်ဦးနဲ့ တွေ့ပြီးပြီလား"

မီရှင်းယယ်သည် ရှီနင်ကို မြင်သောအခါ ဝမ်းသာသွားသော်လည်း သူ၏ အမူအရာမှာ တင်းမာနေဆဲပင်။

"တွေ့ပြီးပါပြီ ဆရာ"

ရှီနင် ပြန်ဖြေလိုက်သည်။

"ဒါက အကြီးအကဲ ချိုးရန့်ရှန်း"

မီရှင်းယယ်က ပိန်ပိန်ပါးပါး အကြီးအကဲနှင့် မိတ်ဆက်ပေးသည်။

"ဒါကတော့ အကြီးအကဲ တုယွမ်"

မီရှင်းယယ်က ဝဝဖိုင့်ဖိုင့် အကြီးအကဲနှင့် မိတ်ဆက်ပေးပြန်သည်။

မီရှင်းယယ်နှင့် အကြီးအကဲ ယွမ်ချန်တို့သည်လည်း ထိုယခင်မျိုးဆက် အကြီးအကဲနှစ်ဦး အပေါ် အလွန် ရိုသေလေးစားမှု ရှိကြလေသည်။

"ငါတို့ အဲဒီလူဟောင်းတွေနဲ့ ချန်းမြောင်ဂိုဏ်း အကြောင်း ဆွေးနွေးပြီးပြီ။ ဂိုဏ်းနှစ်ခု ပူးပေါင်းမယ့်ကိစ္စကတော့ အပြီးသတ် အတည်ပြုလိုက်ပြီ"

ချိုးရန့်ရှန်းသည် ဤလျှို့ဝှက်ချက်များကို ရှီနင်အား ဖုံးကွယ်မထားပေ။

"ဒါဆို ကောင်းတာပေါ့..."

မီရှင်းယယ် ခေါင်းညိတ်လိုက်သည်။ "ဒါဆိုရင် ကျွန်တော်တို့ ဖေးယွင်ပြည်နယ်ကို သွားပြီး ပြည်နယ်သုံးခုကြားက မဟာမိတ်ဖွဲ့မယ့် အသေးစိတ်အချက်အလက်တွေကို အတည်ပြုရမှာလား"

ယွဲ့လန်ဂိုဏ်းနှင့် ချန်းမြောင်ဂိုဏ်းတို့မှာ သဘောတူညီမှု ရထားပြီဖြစ်ရာ ကျိုဖုန်းပြည်နယ်၏ ပြည်နယ်သုံးခု မဟာမိတ်ထဲတွင် ပါဝင်မည့်ကိစ္စမှာ အတည်ဖြစ်သွားချေပြီ။

"မလိုတော့ဘူး"

အကြီးအကဲ တုယွမ်က လက်ကာပြလိုက်သည်။ "ဒီကိစ္စနဲ့ ပတ်သက်ပြီး ယွမ်ရှန်းဂိုဏ်းနဲ့ ငါတို့ သဘောတူညီမှု ရပြီးသား။ ငါတို့ ကျိဖုန်းပြည်နယ်ကို စုစည်းဖို့ပဲ စောင့်နေတာ"

"အကြီးအကဲတို့ရဲ့ ကြိုးစားအားထုတ်မှုအတွက် ကျေးဇူးတင်ပါတယ်"

မီရှင်းယယ် ပြုံးလိုက်သည်။

ဤလူနှစ်ဦး ကျင့်ကြံရာမှ ထွက်လာပြီးနောက်တွင် သူသည် ဂိုဏ်းချုပ်တစ်ဦးအနေဖြင့် စိတ်သက်သာရာ ရသွားတော့သည်။

"ငါတို့ ယွမ်ရှန်းဂိုဏ်းနဲ့ ဆက်သွယ်တဲ့အခါ သတင်းအသစ်တစ်ခု ရခဲ့တယ်"

အကြီးအကဲ ချိုးရန့်ရှန်းက ပြောလိုက်သည်။ "ဝမ်ရှန့်ပြည်နယ်က လူတွေ အဆုံးမဲ့ချောက်နက်ရဲ့ မြောက်ဘက်က ပြည်နယ် ၁၇ ခုဆီကို

ရောက်လာတာက အကြောင်းရင်း နှစ်ခုရှိတယ်။ ပထမ အကြောင်းရင်းက ဝမ့်ယယ်လို့ ခေါ်တဲ့ အဘိုးအိုတစ်ယောက်ကို ရှာဖို့ဖြစ်ပြီး ဒုတိယ အကြောင်းရင်းကတော့ မိစ္ဆာသားရဲ့ကျမ်းစာလိပ်လို့ ခေါ်တဲ့ ရတနာတစ်ခုကို ရှာဖို့ပဲ"

'မိစ္ဆာသားရဲ့ကျမ်းစာလိပ်...?'

၎င်းကို ကြားလိုက်ရသောအခါ ရှီနင်၏ မျက်ဝန်းအိမ်များ ကျဉ်းမြောင်းသွားတော့သည်။

***